Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၁၄

## အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၁၄။ အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ၁၃** ပိုင်းမြောက်ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားများ၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာ့ဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| ၁၃ | ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူများအားလုံးကို ပံ့ပိုးပေးခြင်း |
| **၁၄** | **အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း** |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လည်ဆင်ခြင်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခု

ဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလှကျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၄ သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**<br>**၁. ကလေးများ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကလေးများကို တန်းတူဆက်ဆံရေး၏ အရေးကြီးပုံတို့ကို ထပ်လောင်းနားလည်စေခြင်း**<br>**၂. စာသင်ခန်းတွင်းမလိုလားအပ်သည့်အပြုအမူ၏ အကြောင်းရင်းများကိုစူးစမ်းခြင်း**<br>**၃. ကလေးအားလုံး၏သင်ယူမှုကိုပံ့ပိုးပေးရန် အပြုအမူကောင်းဖြစ်စေသည့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးခြင်း**<br>**၄. စာသင်ခန်းတွင်း အပြုသဘောဆောင်သည့်ဆက်ဆံရေးများနှင့်ထိရောက်သည့်စနစ်များအတွက် ဗျူဟာများကို ဖော်ထုတ်ခြင်း**<br>**၅. ပုံမှန်လုပ်ငန်းများ အရေးပါပုံကို နားလည်ခြင်း**<br>**၆. အပြုအမူကောင်းကိုသင်ကြားရန် ဆရာ/မတို့၏တာဝန်ကိုရှင်းပြခြင်း** |

ဤ**သင်ရိုးပိုင်း ၁၄** တွင် သင်တန်းသူ/သားများက အားလုံးအကျုံးဝင်မှုကို **ငှင်းတို့**မည်သို့နားလည်အကြောင်း၊ **အဘယ်ကြောင့်** လိုအပ်ကြောင်း၊ အားလုံးအကျုံးဝင်သည့် **ကျောင်း**နှင့်**ဆရာ/မ**တို့၏ စရိုက်လက္ခဏာများအကြောင်း ဆက်လက်တွေးရန် အားပေးပါသည်။

သင်ရိုးပိုင်းအတွင်းလုပ်ဆောင်ချက်များပြီးအောင်လုပ်ရန် ၆ နာရီခန့်ကြာမြင့်ပါမည်။ သင်ရိုးပိုင်းတွင် အပြုအမူအမျိုးမျိုးနှင့် ဖြစ်နိုင်သည့်အကြောင်းရင်းများကို စူးစမ်းပါသည်။ မလိုလားအပ်သည့်အပြုအမူများကို ကြိုတင်ကာကွယ်သည့်နည်းလမ်းများကို ဖော်ထုတ်ခြင်း၊ မိမိတို့သင်ကြားသည့် ကျောင်းသူကျောင်းသားများ အပြုသဘောဆောင်သည့်အပြုအမူများရှိစေရန် မည်သို့ ပံ့ပိုးပေးခြင်းတို့ကို ဦးတည်ထားပါသည်။

## သင်ရိုးပိုင်း ၁၄ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၁၃ ကို ပြန်ကောက်ပြီး စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါသည်။ ယခင်သင်ရိုးပိုင်းမှ အကြောင်းအရာများနှင့် ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင်အရေးပါသည့် အချက်အလက်များကို သင်တန်းသားများအား ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် သင်ရိုးပိုင်း ၁၃ ကို ပြန်ကြည့်ကြပါစေ။ သင်ရိုးပိုင်း ၁၃ မှ မိမိ တတ်မြောက်လာသည်ကို လက်တွေ့အသုံးပြုပုံပြုဟူသမျှကို ဆွေးနွေးပါ။ ထိုသို့အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူရေးအပေါ် မည်ကဲ့သို့ သက်ရောက်ခဲ့ပါသနည်း။ |
| နိဒါန်း | အပြုအမူကို ထိန်းကျောင်းခြင်းကို သင်တန်းသူ/သားများ မည်သို့နားလည်ကြောင်း မေးမြန်းပါ။ ကြုံနေရသည့်အခက်အခဲအချို့ သို့မဟုတ် မိမိတို့သင်ကြားသည့် ကျောင်းသူကျောင်းသားများနှင့်သက်ဆိုင်သော သာဓကများကိုဆွေးနွေးပါ။ အပြုအမူများဖြစ်ရခြင်း အကြောင်းရင်းကိုစူးစမ်းခြင်းသည် သင်တန်းသူ/သားတို့အတွက် အသစ်အဆန်း ဖြစ်နိုင်သောကြောင့် အဖွင့်မေးခွန်းမေးရန်အားပေးပါ။ မည်သည့်အတွေးအမြင်၊ မှတ်ချက်၊ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | မေးခွန်းမျှ မှားယွင်းခြင်းမရှိနိုင်ကြောင်း သတိချပ်ကြပါစေ။ သင်ယူမှုရလဒ်နှင့် အဓိက ထား လေ့လာမည့်အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ |
| ပထမအကြိမ် မိမိကိုယ်မိမိ အကဲဖြတ်ခြင်း | မိမိကိုယ်မိမိ ရိုးရိုးသားသား စစ်ဆေးရန် အချို့သင်တန်းသူ/သားများကို ဆော်သြရန် လိုအပ်ပါမည်။ ဤစစ်ဆေးမှုရလဒ်ကို သင်ရိုးပိုင်းအဆုံး နောက်စစ်ဆေးမှုတစ်ခုနှင့် နှိုင်းယှဉ်ပြီး ၎င်းတို့၏ သင်ယူမှုကို ပြန်လည်ဆင်ခြင်သုံးသပ်စေနိုင်ပါမည်။ |
| ၁.၁.၁ ယခင်သင်ယူမှုနှင့် ချိတ်ဆက်ခြင်း | သင်ယူရာတွင်ခြားနားမှုများ (သို့) မသန်စွမ်းမှုများရှိသည့် သင်ယူသူအားလုံးအား ပံ့ပိုးခြင်းကို စူးစမ်းသည့်လုပ်ဆောင်ချက် ၁.၁.၁ ကိုကြည့်ကြပါစေ။ ကွက်လပ်ဖြည့်ရာတွင် စကားလုံးသစ်များ ရှိနိုင်ပါသည်။ လိုအပ်လျှင် ဖွင့်ဆိုချက်ကို ပြန်နွေးပါ။ လုပ်ဆောင်ချက်လုပ်အပြီး အဖြေကို တစ်တန်းလုံး ကြည့်ရှုသုံးသပ်ပါ။ |
| ၂. အပြုအမူထိန်းကျောင်းရေး မိတ်ဆက် | အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်ကို တစ်တန်းလုံးနှင့်အတူ ကြည့်ရှုသုံးသပ်ပါ။ ခက်ခဲသည့် စကားလုံး၊ အသိသညာများကိုမှတ်သားပြီး စကားလုံးသုံးနှုန်းမှုရောနှောပုံကို ထောက်ပြပါ။ အပြုအမူထိန်းကျောင်းရေးနည်းလမ်းများသည် လုံခြုံပြီးပံ့ပိုးမှုရှိသည့် ဝန်းကျင် တစ်ရပ်ကို ဖန်တီးရာတွင် ဆရာ/မတို့ကို အသိသညာနှင့်ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးကြောင်း အမှတ်ရစေပါ။ ဤသင်ရိုးပိုင်းသည် သင်ယူမှုအတွက် အပြုအမူကောင်းများကို ဆရာ/များကအားပေးရန်အထောက်အကူပြုပြီး ကလေးများ၏ အခွင့်အရေးကို လေးစားရန် လက်တွေ့ကျသည့် ဗျူဟာအမျိုးမျိုးကို တင်ပြသွားပါမည်။ |
| ၃. အပြုအမူထိန်းကျောင်းရန် အခွင့်အရေးအခြေပြုသည့် ချဉ်းကပ်မှု | အခွင့်အရေးအခြေပြုချဉ်းကပ်မှုအကြောင်း တတ်မြောက်ထားသမျှ အုပ်စုဖွဲ့ပြီး အမြန်တွေး အမြန်ရေးပါစေ။ ယခင်သင်ရိုးပိုင်းတွင် သင်ကြားခဲ့သည့် ဥပဒေ၊ မူဝါဒ၊ အစီအစဉ်များကိုသတိချပ်ကြပါစေ။ လုပ်ဆောင်ချက် ၁၄.၂ အခွင့်အရေးများကို ပြန်လည်ဆင်ခြင်သုံးသပ်ချက်ကို ဆက်သွားပါ။ လုပ်ဆောင်ချက်ကို အုပ်စုလိုက်လုပ်ပြီး အဖြေများကို ကြည့်ရှုသုံးသပ်ပါ။ ကုလသမဂ္ဂသဘောတူညီချက်နှင့် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေတို့ကို တစ်တန်းလုံးစူးစမ်းပါ။ မြန်မာဥပဒေဖြစ်ကြောင်း ထောက်ပြပြီး ဥပဒေတွင် အရေးပါသည့်အပိုင်းကို အကျဉ်းချုပ်ရှင်းပြပါ။ သင်တန်းသူ/သားများကို သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| ၃.၁ အပြုအမူကြောင့် ခန္ဓာကိုယ်ပေါ်သက်ရောက်မှုရှိသောပြစ်ဒဏ်ပေးခြင်း | ခန္ဓာကိုယ်ပေါ်သက်ရောက်မှုရှိသောပြစ်ဒဏ်ပပျောက်ရေးကို ပြဋ္ဌာန်းထားသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကို သင်တန်းသူ/သားများအား သတိရစေပါ။ ဥပဒေကိုပြန်ကောက်ပြီး ဥပမာပေးကြရန်။ ဤပြစ်ဒဏ်တွင် ကလေးကို အတိုင်းအတာတစ်ခုထိ နာကျင်မှု(သို့)မသက်မသာဖြစ်စေရန် ရည်ရွယ်မှုနှင့်အပြစ်ပေးမှုတို့ ပါဝင်ကြောင်း ရှင်းလင်းပါစေ။ လုပ်ဆောင်ချက် ၁၄.၃ - ခန္ဓာကိုယ်ပေါ်သက်ရောက်မှုရှိသောပြစ်ဒဏ်အတွက်သာဓကများကို ဆက်လုပ်ပါ။ ပေးထားသည့်အဆိုများသည် ဆရာ/မက ကလေးကိုပေးသည့် ခန္ဓာကိုယ်ပေါ် သက်ရောက်မှုရှိသောပြစ်ဒဏ် ဟုတ်မဟုတ် နှစ်ယောက်တွဲပြီး ဆုံးဖြတ်ကြပါစေ။ အဖြေများကို သုံးသပ်ပြီး ဆွေးနွေးငြင်းခုံခွင့်ပေးပါ။ |
| ၄. စာသင်ခန်းတွင်း မလိုလားအပ်သော အပြုအမူများ | ယခင်သင်ရိုးပိုင်းများမှာပင် လူမှုရေးနှင့်စိတ်ခံစားမှုတွင် ရုန်းကန်နေရသော ကလေးများသည် မသင့်တော်သောအပြုအမူများရှိတတ်ကြောင်း သိရှိခဲ့ပြီ။ သင်ရိုးပိုင်း ၂ ကို ပြန်နွေးပါ။ လုပ်ဆောင်ချက် ၁၄.၄ မှ မသင့်တော်သောအပြုအမူကြုံရသည့်အခါများကို တွေးပြီး မေးခွန်းများကို နှစ်ယောက်တွဲဖြေဆိုရပါမည်။ ပွင့်လင်းသည့် သင်တန်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | ဖြစ်ကြောင်း၊ မိမိတို့သင်ကြားရေးအလေ့အကျင့်ကိုလည်း အစဉ်တစ်စိုက် တိုးတက်အောင် ဆောင်ရွက်နေကြောင်းကို သတိချပ်ကြပါစေ။ ဝေမျှသည့်အတွေ့အကြုံကို အခြေပြု၍ မိမိတို့ကို အကောင်းအဆိုးသတ်မှတ်မည်မဟုတ်ပါ။ လုပ်ဆောင်ချက် ၁၄.၅ ကို အတွေးအမြင်၊ ပြန်လည်ဆင်ခြင်သုံးသပ်ချက်၊ တုံ့ပြန်ဖြေကြားမှုများဖြင့် လုပ်ဆောင်ပါ။ အနှောင့်အယှက် အနည်းအကျဉ်း၊ အတော်အတန်၊ ဆိုးဆိုးရွားရွား ဖြစ်သည့် အပေါ်မူတည်၍ အဖြေများကိုပြန်ကောက်ပါ။ မေးခွန်းများကိုလည်း ပြန်လည်ဆင်ခြင်သုံးသပ်ကြပါစေ။ |
| ၄.၁ မလိုလားအပ်သည့် အပြုအမူ၏ အကြောင်းရင်းများ | ဆရာ/မများအနေဖြင့် ဇယားတွင်ပြထားသကဲ့သို့ မလိုလားအပ်သည့်အပြုအမူသည် အကြောင်းရင်းများစွာရှိကြောင်း သိကြပါသည်။ ထိုအကြောင်းရင်းများတွင် ဆရာ/မများဖက်မှ စိတ်ဝင်စားဖွယ်မရှိသည့် နည်းများသုံးခြင်းမှအစ၊ ရုပ်ပိုင်းနှင့်ဆိုင်သော အခြင်းအရာများအဆုံး ဖြစ်နိုင်ပါသည်။ အုပ်စုငယ်များဖွဲ့ပြီး အကြောင်းရင်းများနှင့် တိုက်ဆိုင်စစ်ဆေးရန်စာရင်းကို သုံးသပ်ကြပါမည်။ ပြည့်စုံသောစာရင်း မဟုတ်သောကြောင့် အခြားအကြောင်းရင်းများရှိမရှိ၊ ကျောင်းသူ/သား၏ ယခင်အတွေ့အကြုံကို သိနိုင်သည့် နည်းစနစ် ရှိမရှိမေးပါ။ |
| ၄.၂ ကျောင်းသူကျောင်းသားတို့ ဘယ်မှာ အပြုအမူကို သင်ယူသလဲ | အပြုအမူသည် သင်ယူရာမှရလာခြင်းဖြစ်ပြီး ကလေးများအား အပြုအမူကို သင်ပေးရန်လိုပါသည်။ ကလေးများသည် အပြုအမူကောင်းများကို သင်ယူရန်၊ ၎င်းတို့၏ လူမှုရေးကျွမ်းကျင်မှု၊ ယုံကြည်စိတ်ချမှုနှင့်ကိုယ့်အားကိုယ်ကိုးမှုတို့ကို ပျိုးထောင်ပေးရန် အလွန်အရေးကြီးပါသည်။ အပြုအမူကို ညီအစ်ကိုမောင်နှမ၊ သူငယ်ချင်း၊ မိသားစုများထံမှ သင်ယူကြပြီး ကြီးပြင်းလာသည့်အခါ သူငယ်ချင်းများက သြဇာညောင်းကြပါသည်။ သြဇာညောင်းမှုနယ်ပယ်အကြောင်း၊ ငယ်စဉ်တွင် မိသားစုက သြဇာအလွန်ညောင်းခဲ့ရာမှ ကြီးပြင်းလာသည့်အခါ ပြောင်းလဲသွားပုံကို ဆွေးနွေးပါ။ ဆရာ/မတို့သည် တပည့်များအပြုအမူအတွက် အခန်းကဏ္ဍတစ်ခုမှ တာဝန်ယူရမည်ဖြစ်ပါသည်။ လုပ်ဆောင်ချက် ၁၄.၇ - ဘယ်သူ့တာဝန်လဲ ကို အုပ်စုဖွဲ့လုပ်ဆောင်ပါ။ လုပ်ဆောင်ချက်သည် တာဝန်ရှိသူများကို ဖော်ထုတ်ရာတွင် အရေးကြီးပါသည်။ အဖြေများကို အုပ်စုလိုက်ကြည့်ရှုသုံးသပ်ပါ။ ဆွေးနွေးချက်များ၊ သဘောကွဲလွဲမှုများ ရှိနိုင်သော်လည်း အားပေးသင့်ပါသည်။ အနှစ်ချုပ် ဆွေးနွေးချက်ပါအချက်များကို ပြန်လည်ပေါင်းရုံးပါ။ |
| ၅. အပြုအမူများကို ကြိုတင်ကာကွယ်နည်းနှင့် ထိန်းကျောင်းနည်းများ | ဆရာ/မများအနေဖြင့် ကျွန်ုပ်တို့သည် ကျောင်းသူကျောင်းသားများ မှန်ကန်သည့် ရွေးချယ်မှုများကိုလုပ်စေရန် အားပေးရမည့် တာဝန်ကိုသိပါသည်။ သို့သော် ကောင်းကျိုး၊ ဆိုးကျိုးတို့ကို သုံးရန်လည်းလိုအပ်ပါသည်။ ကောင်းကျိုး၊ ဆိုးကျိုးနှင့် လျစ်လျူရှုသည့် နည်းဗျူဟာတို့အကြောင်းကို သင်တန်းသူ/သားများ ပြန်လည်ကြည့်ရှုသုံးသပ်ပါစေ။ တုံ့ပြန်ဖြေကြားရာတွင် လုပ်ဆောင်ချက်ကိုသာ ရည်ညွှန်းပြီး လူကိုထည့်မပြောသင့်ကြောင်း သတိချပ်ကြရန်။ လုပ်ဆောင်ချက် ၁၄.၈ - မိမိတို့တုံ့ပြန်ပုံတွင် အလုပ်မလုပ်ဘဲ အခြားကလေးများကိုလည်း အနှောင့်အယှက်ပေးသည့်ကလေးအတွက် အကျိုးဆက်ကို ဆင်ခြင်သုံးသပ်ကြပါစေ။ ဖြေရှင်းချက်သုံးမျိုးပေးထားပြီး မည်သည်က ကလေးအတွက် အကောင်းဆုံးဖြစ်ကြောင်း မေးပါ။ ကလေးတို့အား ၎င်းတို့၏အပြုအမူအတွက် ကိုယ်တိုင်တာဝန်ယူစေခြင်း ရှိမရှိ၊ ကလေးတို့အား ကိုယ်တိုင်ဖြေရှင်းခိုင်းမခိုင်း ပြန်လည် |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| | ဆင်ခြင်သုံးသပ်ကြပါစေ။ တစ်တန်းလုံးအတူ ပြန်လည်ဆင်ခြင်သုံးသပ်ကာ မှတ်စရာအသစ်ရှိလျှင် သင်ယူမှု ဂျာနယ်တွင် ရေးမှတ်ကြပါစေ။ |
| ၅.၁ ကောင်းကျိုး | သင်တန်းသူ/သားတို့ ကျောင်းနေခဲ့စဉ်ကာလကိုတွေးတောစေပြီး ကောင်းကျိုး/ ဆိုးကျိုးတို့ကို မှတ်မိခြင်းရှိမရှိမေးမြန်းပါ။ ပညာသင်ကြားသူများအနေဖြင့် စင်စစ် ကောင်းကျိုးကိုသာ ရည်ရွယ်သင့်ပါသည်။ ချီးကျူးခြင်းအတွက် စံသတ်မှတ်ချက်များကို တစ်တန်းလုံး သုံးသပ်ပါ။ နှစ်ယောက်တွဲပြီး တစ်ဦးက ကလေးလုပ်၊ နောက်တစ်ဦးက ဆရာ/မ လုပ်ပြီး ချီးကျူးစကားပြောကာ သဏ္ဍာန်တူသရုပ်ဆောင်ကြပါမည်။ သဘာဝကျမကျ၊ မိမိတို့ နောင်အခါ အသုံးပြုနိုင်မည့်အရာများ ရှိမရှိ ပြန်လည်ဆင်ခြင်သုံးသပ်ကြရန်။ |
| ၅.၂ ဆိုးကျိုး | အပြုအမူထိန်းကျောင်းရာတွင် ချီးကျူးမှု၏ ကဏ္ဍကို သင်တန်းသူ/သားတို့ နားလည်သည့်အခါ ဆိုးကျိုးအကြောင်းဆက်သွားပါ။ ဆရာ/မ အားလုံးသုံးသည့်နည်းဖြစ်ပါသည်။ ဆိုးကျိုးသုံးရန်အတွက် စံသတ်မှတ်ချက်များကို သုံးသပ်ပြီး ကျောင်းသူကျောင်းသားများ မလိုလားအပ်သည့်အပြုအမူများကို ပြသည့်အခါ ဆရာ/မတို့ တည်ငြိမ်ရန်လိုကြောင်း ထောက်ပြပါ။ သင်တန်းသူ/သားများအား လုပ်ဆောင်ချက် ၁၄.၉ ဗျူဟာစစ်ဆေးခြင်း ကို သုံးသပ်စေပြီး ပေးထားသောနည်းများကို ရှိမရှိမေးပါ။ နောင်အခါ စာသင်ခန်းအတွင်း သုံးလိုသော နည်းများရှိမရှိ မေးပါ။ ဆိုးကျိုးဟူသည့်အသိသညာသစ်ကို သုံးရန် နားမထောင်နေသည့် ကလေးနှစ်ဦးအကြောင်း ဖြစ်ရပ်လေ့လာချက်ကို သုံးယောက်တစ်တွဲအုပ်စုဖွဲ့ ကြည့်ရှုသုံးသပ်ပါ။ ဆရာ/မနှင့်ကလေးနှစ်ဦးအသွင် သဏ္ဍာန်တူသရုပ်ဆောင်ပါ။ နည်းသစ်များကို စမ်းကြည့်နိုင်မည့် အခွင့်အရေးဖြစ်ပါသည်။ နည်းများသုံးရသည်မှာ သဘာဝကျပါသလား။ အပြုအမူများ ထိန်းကျောင်းရာတွင် သင့်တော်ပြီး ထိရောက်ရပါမည်။ အထူးသဖြင့် ကျောင်းသူကျောင်းသား အသက်အရွယ်အပေါ် မူတည်ပါသည်။ |
| ၅.၃ လူမဟုတ် အပြုအမူသာ | ကျောင်းသူကျောင်းသား မည်သို့မည်ပုံဖြစ်သည်ကို မဟုတ်ဘဲ လုပ်ရပ်ကိုသာ ဝေဖန်ရပါမည်။ ကျောင်းသူကျောင်းသားသည် ၎င်းတို့၏ရွေးချက်မှုကို နောက်တစ်ကြိမ်တွင် ပြောင်းလဲနိုင်သော်လည်း ၎င်းတို့ကိုယ်တိုင်ကိုမူပြောင်းနိုင်မည်မဟုတ်ပါ။ ကလေးကို ပျင်းသည်ဟု တစ်ချိန်လုံးဝေါက်င်နေလျှင် ကလေးစိတ်ဓာတ်ကျသွားနိုင်ပါသည်။ ဥပမာများကို ကြည့်ရှုသုံးသပ်ပြီး လုပ်ဆောင်ချက် ၁၄.၁၀ - အပြုအမူကိုထိန်းကျောင်းခြင်း ကို ဆက်လုပ်ပါ။ |
| ၆- ဆိုးဆိုးရွားရွား အပြုအမူများကို တုံ့ပြန်ခြင်း | ကျောင်းသူကျောင်းသားတစ်ဦး၏ ဆိုးဆိုးရွားရွားအပြုအမူကို ဖြေရှင်းခဲ့ရသည့် ကာလတစ်ခုကို သင်တန်းသူ/သားများအား ပြန်တွေးကြပါစေ။ ပြောပြရန်မခဲယဉ်းပါက မိမိ၏ဥပမာကို ဝေမျှနိုင်ပါသည်။ ဆိုးဆိုးရွားရွားအပြုအမူသည် ကလေးများ၏လုံခြုံမှုကို ခြိမ်းခြောက်နိုင်ကြောင်း သင်တန်းသူ/သားများအား သတိပေးပါ။ ဖြစ်ခဲ့သော ထိုအခြေအနေများတွင် ဆရာ/မတို့ ဘာလုပ်သင့်ကြောင်း သုံးသပ်ပါ။ ABCပုံစံကို ကြည့်ရှုသုံးသပ်ပါ။ ဆွေးနွေးရန်အချက်များ၊ အုပ်ချုပ်ရေး၏အခန်းကဏ္ဍတို့ကို သုံးသပ်ကြပါမည်။ သင်ယူမှုဂျာနယ်တွင် မှတ်သားကြရန်။ |
| ၇. ပွဲပြင်ထိန်းမတ်ရန် စုံစမ်းခြင်း | မလိုလားအပ်သည့်အပြုအမူကို သိပြီးတုံ့ပြန်ရန် အရေးကြီးပါသည်။ လျစ်လျူရှုရန် ပိုလွယ်သော်လည်း တုံ့ပြန်ရန်အရေးကြီးပါသည်။ မိမိတို့ တွေ့ကြုံခဲ့သော အခင်းအကျင်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| | များကို တစ်တန်းလုံးအနေဖြင့်ဆွေးနွေးပြီး တုံ့ပြန်နိုင်ပုံကိုလည်းပြောကြပါမည်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြရန်။ |
| ၈. ကလေးအားလုံး၏ သင်ယူမှုကိုပံ့ပိုးပေးနိုင်ရန် အပြုအမူကောင်း ဖြစ်စေမည့် ဝန်းကျင်တစ်ရပ် ဖန်တီးခြင်း | စာသင်ခန်းသုံးပစ္စည်း၊ ရှိသည့်နေရာနှင့် အားလုံးအကျုံးဝင်စေမည့် အလေ့အကျင့်တို့ကို သုံးပြီး အပြုအမူကောင်းဖြစ်စေမည့်ပတ်ဝန်းကျင်ဖြစ်စေရန် ဆရာ/မတို့၏အခန်းကဏ္ဍကို သတိချပ်ကြပါစေ။ အထူးသဖြင့် သင်ရိုးပိုင်း ၁၂ - အားလုံးသင်ယူမှုအတွက်ပုံစံ (UDL)နှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ဆိတ်ငြိမ်စွာဖြစ်စေ၊ နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့၊ တစ်တန်းလုံးဖြစ်စေအလုပ်လုပ်နိုင်မည့် ပြောင်းလွယ်ပြင်လွယ်နေရာပေးသည့်ချဉ်းကပ်မှုဖြစ်သည်။ လုပ်ဆောင်ချက် ၁၄.၁၁ - အလုပ်လုပ်ရန် ပြောင်းလွယ်ပြင်လွယ်သောနေရာများကိုလုပ်ကြပါမည်။ တစ်တန်းလုံးပြန်စုပြီး အဖြေများကိုကြည့်ရှုသုံးသပ်ကာ သင်ယူမှုကိုပံ့ပိုးရေးအတွက် ကလေးများ ပြောင်းလွယ်ပြင်လွယ် လုပ်ကိုင်ရန် စီစဉ်ပေးသည့် အခြားနည်းများရှိမရှိ မေးပါ။ သင်ယူခဲ့သည်များ၊ အသိသညာသစ်များကို သင်တန်းသူ/သားများ မှတ်သားကြရန်။ |
| ၉. စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများ | စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် စီမံခန့်ခွဲမှုတို့သည် အပြုအမူကောင်းအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ အပြုအမူကောင်းကို ခိုင်မာစွာအမြစ်တွယ်စေရန် ရှေ့နောက်ညီမှု၊ အလေ့အထဖြစ်စေသောစနစ်များသုံးမှုဖြင့် လုပ်ဆောင်နိုင်ကြောင်း လေ့လာခဲ့ပြီဖြစ်ကြောင်း သင်တန်းသူ/သားများအား အမှတ်ရစေပါ။ စာသင်ခန်းအတွင်း ပုံမှန်လုပ်ငန်းများကို သုံးပုံ၊ ယင်းတို့သည် စည်းများသတ်မှတ်ခြင်း၊ ကျောင်းသူကျောင်းသားများ စိတ်အေးလက်အေးဖြစ်ပြီး လုံခြုံဘေးကင်းသည်ဟုခံစားရခြင်းတို့အတွက် အရေးပါပုံတို့ကို ဆရာ/မတို့အား ပြန်လည်ဆင်ခြင်သုံးသပ်ကြပါစေ။ ဤသို့အားဖြင့် မည်သည့်အချိန်တွင် မည်သည့်အရာက ပုံမှန်ဖြစ်မည်ဖြစ်ကြောင်း ကျောင်းသူကျောင်းသားများက နားလည်ပါသည်။ ပုံမှန်လုပ်ငန်းအရေးပါပုံကို တစ်တန်းလုံး သုံးသပ်ပါ။ (အကောင်းဆုံးမှာ အသက်ရွယ်စုံသင်သည့် ဆရာ/မများပါသည့်)သင်တန်းသူ/သားများ အုပ်စုငယ်ဖွဲ့ကြပြီး လုပ်ဆောင်ချက် ၁၄.၁၂ -စာသင်ခန်းတွင်းပုံမှန်လုပ်ငန်း ကို လေ့လာကာ လုပ်ဆောင်ချက် ၁၄.၁၃ - မည်သည့် ပုံမှန်လုပ်ငန်းက အကောင်းဆုံး ဖြစ်ပါသနည်း တွင်ပြန်သုံးပါ။ ပေးထားသည့်အဖြေကို ကြည့်ရှုသုံးသပ်ရာတွင် ဆွေးနွေးမှုကို အားပေးပါ။ |
| မြန်မာနိုင်ငံရှိ စာသင်ကျောင်းတွင်း ပုံမှန်လုပ်ငန်း | အသိပညာများကိုလက်တွေ့အသုံးချရာတွင် မြန်မာနိုင်ငံရှိ ကျောင်းတစ်ကျောင်း၏ ပုံမှန်လုပ်ငန်းကို သင်တန်းသူ/သားများအား ပြန်လည်ဆင်ခြင်သုံးသပ်ကြပါစေ။ ထိုလုပ်ငန်းများသည် အောင်မြင်ပါသလား၊ အောင်မြင်က အဘယ်ကြောင့်နည်း။ မိမိ၏ စာသင်ခန်းတွင် ပုံမှန်လုပ်ဆောင်ချက်အမျိုးမျိုးလုပ်ပါက ပိုစတာတစ်ချပ်ရေးကာ အုပ်စုငယ်များဖြင့် တင်ပြကြပါစေ။ သင်တန်းဆရာ/မက ထိုလုပ်ဆောင်ချက်များကို သင်ပုန်းပေါ်မှတ်သားပြီး ဆရာ/မများ၏ တာဝန်များ (ဥပမာ ကျောင်းသားများ အတန်းတက်ခြင်း) ကိုလည်း ထောက်ပြပါ။ |
| ၁၀. စာသင်ခန်းတွင်း အပြုအမူအတွက် အပြုသဘောဆောင်သည့် ဆက်ဆံရေးနှင့် | သင်တန်းတစ်လျှောက် အားလုံးအကျုံးဝင်စာသင်ခန်းအကြောင်း၊ အထူးသဖြင့် တပည့်များအကြောင်းသိခြင်းကို လေ့လာခဲ့သည်။ ယခုအပိုင်းသည် ပြန်နွှေးခြင်းဖြစ်ပါသည်။ တပည့်များကိုသိရန်အရေးကြီးသည့် အကြောင်းရင်းများကို သင်တန်းသူ/ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ထိရောက်သည့်စနစ်များကို တည်ဆောက်ခြင်း | သားများအား မေးပါ။ သင်တန်းဆရာ/မက အဖြေများမှတ်သားပြီး သုံးသပ်ပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| ၁၀.၁ သင်ယူသူများကို သိရှိခြင်း | သင့်သင်ယူသူများအကြောင်းကိုသိရန် အရေးကြီးပုံကို ပြန်နွေးပြီး လုပ်ဆောင်ချက် ၁၄.၁၄ - ကျောင်းသူကျောင်းသားအခင်းအကျင်းများ ကိုဆက်လုပ်ကြရန်။ စာသင်ခန်းတွင်း မတူညီသည့်အပြုအမူများကိုပြသသည့် ကျောင်းသူကျောင်းသား ၃ ယောက်အကြောင်း ဖြစ်ရပ်လေ့လာချက်ကို သင်ရိုးပိုင်း ၅ တွင်လေ့လာခဲ့ပါသည်။ ထို ကျောင်းသူကျောင်းသားများနှင့်အခြေအနေတို့ကို မည်သို့တုံ့ပြန်မည်ဖြစ်ကြောင်း နှစ်ယောက်တွဲ ဆွေးနွေးကြရန်။ |
| ၁၀.၂ -အပြုသဘော ဆောင်သည့် စာသင်ခန်းတွင်း အပြုအမူများ | ကျောင်းသူကျောင်းသားများအပေါ် ဘာမျှော်လင့်ထားသည်ကို ၎င်းတို့သိရန် အရေးကြီးကြောင်း သတိချပ်ကြပါစေ။ ဤမျှော်လင့်ချက်များကို ကျောင်းသူကျောင်းသားများဆုံးဖြတ်ပေးထားသည့် စာသင်ခန်းတွင်း အပြုအမူကောင်းများစာရင်း၊ ပိုစတာ၊ ၎င်းတို့စာအုပ်ထဲတွင် ရေးမှတ်သည့် စာရင်းတစ်ခု၊ စာသင်ခန်းတွင်း ပြထားသည့်ပုံများဖြင့် အသိပေးနိုင်ပါသည်။ လုပ်ဆောင်ချက် ၁၄.၁၅ - စာသင်ခန်းတွင်း အပြုသဘောဆောင်သည့်အပြုအမူများ ကို သုံးသပ်ကြရန်။ ထိုအပြုအမူများစာရင်းကို ကြည့်ရှုစေပြီး စာရင်းတွင်မပါသည့်အပြုအမူများ၊ စာရင်းတွင် သင်တန်းသူ/တို့သဘောမတူသည့် အပြုအမူများရှိမရှိ အုပ်စုငယ်များဖြင့် သုံးသပ်ကြပါမည်။ မိမိတို့စာသင်ခန်းနှင့် ကျောင်းသူကျောင်းသားများအား လိုက်နာစေလိုသည့် စည်းမျဉ်းများအကြောင်း စဉ်းစားကြပါစေ။ စာသင်ခန်းစည်းမျဉ်းများအကြောင်းကို ကြည့်ရှုသုံးသပ်ပြီး လုပ်ဆောင်ချက် ၁၄.၁၅ - စာသင်ခန်းတွင်း အပြုသဘောဆောင်သည့်အပြုအမူများ ကို တင်ပြကြရန်။ အမေရိကန်ပြည်ထောင်စုမှ ဗီဒီယိုကိုကြည့်စဉ် မြန်မာနိုင်ငံမှကျောင်းသူကျောင်းသားများ၊ ဆရာ/မများ အလားတူပြုမူခြင်းရှိမရှိ သုံးသပ်ကြပါစေ။ တစ်ဖန် ဗီဒီယိုတွင် ဆရာ/မတို့ ချီးကျူးပုံ၊ ပုံမှန်လုပ်ငန်း သုံးပုံတို့ကို သတိမူကြရန်ဖြစ်သည်။ |
| ၁၁. သင်ယူသူများနှင့် သဟဇာတ ဖြစ်သည့်နေရာများနှင့် ၎င်းတို့ကအပြုအမူပေါ် သက်ရောက်ပုံ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများအကြောင်း သင်ယူခဲ့သည်များ၊ ယင်းချဉ်းကပ်နည်းများက မည်သည်ကို ဆိုလိုသည်၊ မဆိုလိုသည်တို့အကြောင်း မှတ်စုများကို သင်တန်းသူ/သားများအား သုံးသပ်စေပါ။ ပေးထားသည့်အချက်အလက်များကို ကြည့်ရှုသုံးသပ်ပြီး မေးစရာရှိလျှင် ဖြေကြားပါ။ |
| ၁၂. အတန်းတွဲစာသင်ခန်းကို စီစဉ်ခြင်း | ကမ္ဘာတစ်ဝန်း မြန်မာအပါအဝင် ဒေသများစွာ၌ ကျေးလက်ဒေသကျောင်းများတွင် ဆရာ/မအင်အားနည်းသောကြောင့် အတန်းစုံမှကျောင်းသူကျောင်းသားများကို သင်ကြားရတတ်ပါသည်။ အတန်းတွဲ၍အသင်ခံရဖူးခြင်း၊ ကိုယ်တိုင်သင်ဖူးခြင်းရှိမရှိ သင်တန်းသူ/သားများအား လက်ထောင်ပြခိုင်းပါ။ အတန်းတွဲစာသင်ခန်းကို စီမံခန့်ခွဲပုံ၊ မကောင်းမွန်သည့် အပြုအမူများဖြစ်နိုင်ချေကို လျှော့ချပုံတို့အတွက် ပေးထားသောအကြံပြုချက်များကို တစ်တန်းလုံး အတူသုံးသပ်ပါ။ ဥပမာ ကျောင်းသူကျောင်းသားများ တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေလျှင် ဆရာ/မတို့က ပိုမိုထိန်းချုပ်နိုင်သည်ဟု ထင်နိုင်ဖွယ်ရှိပါသည်။ အတန်းတွဲစာသင်ခန်းတွင် နှစ်ယောက်တွဲ (သို့) အုပ်စုလိုက် လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပါ။ ထို့မှတစ်ဆင့် လုပ်ဆောင်ချက် ၁၄.၁၇ - အတန်းတွဲစာသင်ခန်းများကိုဆက်လုပ်ပါ။ အဖြေကို ကြည့်၊ သုံးသပ်ပြီး အုပ်စုလိုက်ဝေမျှရန်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၁၃. အပြုအမူစံပြဆရာ/မ | ဆရာ/မများအဖြစ် တာဝန်ရှိသည့် သင်တန်းသူ/သားများသည် တပည့်များ၏ အပြုအမူကို ပုံသွင်းရာတွင် အခွင့်အလမ်းများရှိသည့် မိမိတို့၏အခန်းကဏ္ဍကို သင်တန်းသူ/သားများအား သတိချပ်ကြစေပါ။ သင်တန်းသူ/သားများအား ၎င်းတို့၏စံပြ ဆရာ/မများအကြောင်း စဉ်းစားကြပါစေ။ သင့်တော်လျှင် အုပ်စုတွင်းဝေမျှကြရန်။ ပေးထားသည့် မေးခွန်းများကိုကြည့်ပြီး သုံးသပ်ကြပါမည်။ ဤသို့သုံးသပ်ခြင်းသည် သင်တန်းသူ/သားများ လက်ရှိမလုပ်ဖြစ်သေးလျှင် စိတ်မကောင်းဖြစ်ရန်၊ ရှက်ရန်ရည်ရွယ်ခြင်းမဟုတ်ပါ။ ၎င်းတို့၏အလေ့အကျင့်ကို ပိုမိုကောင်းမွန်စေမည့် အကြံအစည်များ ရရှိစေရန်သာ ဖြစ်ပါသည်။ အုပ်စုငယ်များဖွဲ့ပြီး ဆွေးနွေးချက်/ပြန်လည်ဆင်ခြင်သုံးသပ်ချက် အနှစ်ချုပ်ကို သုံးသပ်ကြပါစေ။ |
| ၁၄. လုပ်ဆောင်မှုသုတေသန အတွက် စိတ်ကူးစိတ်သန်းများ | သင်ရိုးပိုင်း ၆ အကြောင်းနှင့် လုပ်ဆောင်မှုသုတေသနအကြောင်းကို စဉ်းစားကြစေရန်။ သင်တန်းသူ/သားများအား သုတေသနစက်ဝန်းနှင့် အကြံပြုချက်များကို ဂရုပြုစေပါ။ သင်တန်းသူ/သားတို့ မည်သည်ကိုသုတေသနကိုလုပ်လိုကြောင်း ဆုံးဖြတ်ပြီးပါက မဆုံးဖြတ်ရသေးသူများ စိတ်ကူးစိတ်သန်းများရစေရန် တွေးစရာများကို ဝေမျှပေးရန် အားပေးပါ။ |
| ၁၅. နိဂုံး | အပြုအမူအကြောင်းနှင့်အဓိကအချက်များကို အာရုံစိုက်ခဲ့သော ဤသင်ရိုးပိုင်းတွင် ပါဝင်ပြီးလေ့လာခဲ့သမျှကို ပြန်လည်စုရုံးပါ။ သင်တန်းသူ/သားများသည် ပြန်လည်ဆင်ခြင်သုံးသပ်ချက်မေးခွန်းများကိုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါမည်။ |
| ၁၆. သင်ရိုးပိုင်း ၁၄ အဆုံးသတ်ပဟေဠိ | ပေးထားသည့်ပဟေဠိကိုဖြေဆိုပြီး ရာနှုန်းပြည့်မှန်သည့်တိုင် မှားသောအဖြေများကို သုံးသပ်ပြီး အားလုံးမှန်သည်အထိ ဖြေဆိုပါစေ။ အတန်းကမေးသည့် မေးခွန်းများကို တုံ့ပြန်ဖြေကြားပါ။ |
| ၁၇. သင်ကြားသင်ယူရေးကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း | လုပ်ဆောင်ချက် ၁၄.၁၈ မှအခင်းအကျင်းကိုဖတ်စေပြီး ဆက်လက်၍ပေးထားသော အဆိုများကို သင်ယူမှုဂျာနယ်တွင် ဖြည့်ကြပါမည်။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကိုလည်း ပြုကြရန်။ |
| ၁၄ ခုမြောက်ကတိ | သင်ရိုးပိုင်း ၁၄ မှသိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး ၎င်းတို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရန် ကတိတစ်ခုအား ကျောင်းသူကျောင်းသားတို့ကို ပေးကြပါစေ။ ထိုကတိကို (--သီတင်းပတ်ပြီးနောက်) သုံးသပ်အကဲဖြတ်ပြီး အပြောင်းအလဲများကို မှတ်သားရန်ပြောပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့် ဆက်လက်တိုးတက်ကောင်းမွန်ရန် မည်သို့လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်ဆင်ခြင်သုံးသပ်ကြပါစေ။ ၎င်းကို မိမိတို့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် အသုံးပြုနိုင်သည်။ သင်တန်းသူ/သားများ ၎င်းတို့၏ သင်ယူမှုဂျာနယ်တွင် ‘ကတိကဝတ်များ’ ဟူသည့် အပိုင်းတစ်ပိုင်း ထားရှိကြရန်။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၁၄ အဆုံးသတ်ပဟေဠိ အဖြေ

သင်တန်းသာ/သားများသည် မေးခွန်းများကို ရာနှုန်းပြည့်အောင်မြင်အောင်ဖြေဆိုနိုင်ရန် စိတ်ကြိုက်အကြိမ်ကြိမ် ပြန်ဖြေဆိုနိုင်ပါသည်။ ယုံကြည်စိတ်ချမှုတိုးလာစေမည့် အခွင့်အလမ်းဖြစ်ပါသည်။ (အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။)

မေးခွန်း ၁ - ၂၀၁၉ ခုနှစ်တွင်ပြုခဲ့သည့် မည်သည့်ဥပဒေက ခန္ဓာကိုယ်ပေါ်သက်ရောက်မှုရှိသောပြစ်ဒဏ် ပပျောက်ရေးကို ပြဋ္ဌာန်းခဲ့ပါသနည်း။ (၁ ခုရွေးပါ)

က) အမျိုးသားပညာရေးဥပဒေ

ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ

**ဂ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ**

မေးခွန်း ၂ - UDL သည် ပြောင်းလွယ်ပြင်လွယ်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရေးအတွက် ချဉ်းကပ်မှုတစ်ရပ်ဖြစ်ပြီး အပြုသဘောဆောင်သည့်အပြုအမူကို ပံ့ပိုးပေးသည်။ UDL သည် မည်သည်ကိုရည်ညွှန်းသနည်း။ (၁ ခုရွေးပါ)

**က) Universal Design for Learning**

ခ) Universal Development for Learning

ဂ) Universal Development for Learning

မေးခွန်း ၃ - ABC စံပြုပုံစံဖြင့် စိုးရိမ်မကင်းဖွယ်အပြုအမူများကိုစောင့်ကြည့်ရာတွင်အထောက်အကူပြုပါသည်။ ABC သည် မည်သည်ကိုရည်ညွှန်းသနည်း။ (၁ ခုရွေးပါ)

က) Alternative, Behaviour, Control

**ခ) Antecedent, Behaviour, Consequence**

ဂ) Applying, Behaviour, Consequences

မေးခွန်း ၄ - အပြုအမူထိန်းကျောင်းရာတွင် စာသင်ခန်းပုံမှန်လုပ်ငန်းများက အဘယ်ကြောင့်အရေးကြီးပါသနည်း။ (၁ ခုရွေးပါ)

က) ကျောင်းသူကျောင်းသားတို့ကို ဆရာ/မက အပြည့်အဝထိန်းချုပ်နိုင်သောကြောင့်

ခ) စာသင်ခန်းပုံမှန်လုပ်ငန်းလိုက်မလုပ်လျှင် ကလေးများအား ဆရာ/မတို့က အပြစ်ပေးနိုင်သောကြောင့်

**ဂ) ဆရာ/မများသည် အချိန်၊ စာသင်ခန်းတွင်းနေရာတို့ကို စီမံခန့်ခွဲပြီး လုပ်ဆောင်ချက်များအကြား အကူးအပြောင်းကို ချောမွေ့စေနိုင်သောကြောင့်**

မေးခွန်း ၅ - စာသင်ခန်းတွင်းဆိတ်ငြိမ်ရာတစ်နေရာ သတ်မှတ်ခြင်း၏အကျိုးကျေးဇူးများမှာ အဘယ်နည်း။ (၁ ခုရွေးပါ)

က) အပြုအမူမကောင်းမွန်သည့် ကလေးများကို ထားရန်

ခ) ကျောင်းသူကျောင်းသားတို့ကြောင့် အာရုံမထွေပြားဘဲ ဆရာ/မက အလုပ်လုပ်နိုင်သည့်နေရာရှိရန်

**ဂ) ဆူညံသည့်စာသင်ခန်းတွင် ပူပန်လာသည့် ကလေးများအတွက် ဆိတ်ငြိမ်သည့် နေရာတစ်နေရာပေးရန်**